
# လိပ်ခေါင်းရောဂါ

ကျနော်တို့ ဒီတခါ လိပ်ခေါင်းရောဂါအကြောင်းပြောကြရအောင် ။
ဆေးပညာအခေါ်အဝေါ်ကတော့ Pile / Hemorrhoid လို့ခေါ်ပါတယ် ။
ဒီစာဖတ်ပရိတ်သတ်ထဲမှာ လိပ်ခေါင်းရောဂါအကြောင်းကြားဖူးသူတွေရော ကိုယ်တိုင် ခံစားဖူးသူတွေရော ရှိကြမှာပါ ..
ဝမ်းသွားတဲ့ အခါ စအိုကနေ သွေးကျတဲ့ ၊ စအိုဝကနေ အဖုထွက်ထွက်လာတဲ့ ဒီရောဂါကို အချိန်မှီ မကုသတဲ့ အတွက်
ရောဂါအခြေအနေဆိုးမှ ဆေးရုံဆေးခန်းကို ပြသကြတာများပါတယ်။
အထူးသဖြင့် ရှက်လို့ ၊ ကျန်းမာရေး ဗဟုသုတနည်းပါးလို့ ၊ လက်လှမ်းမှီရာ ဆေးနည်းအမျိုးနဲ့ ကြိတ်ပြီး ကိုယ့်ဘာသာကို
ကုသကြတာများကြပါတယ် ။

ဒီတော့ ကျနော်တို့ ဒီနေရာမှာ လိပ်ခေါင်းရောဂါအကြောင်းဆွေးနွေးကြတာပေါ့ ။
လိပ်ခေါင်းရောဂါဆိုတာ အကြောင်းတစ်ခုခုကြောင့် စအိုနဲ့ စအိုဝမှာရှိတဲ့ (retum and anal ) သွေးပြန်ကြောလေးတွေ
ယောက်ယမ်းဖောင်းကားလာတာပါ ။ သွေးကြောဖုလေးက ဝမ်းသွားတဲ့ အခါ ဝင်လိုက်ထွက်လိုက်နဲ့ လိပ်ရဲ့ဦးခေါင်းလိုဖြစ်နေလို့
လိပ်ခေါင်းလို့ ခေ   တာပါ ။




အဖြစ်များတဲ့ အကြောင်းအရင်းတွေကတော့ စအိုအောင်ပိုင်းမှာရှိတဲ့ သွေးကြောလေးတွေ အတွင်းမှာ Pressure တက်လာတဲ့
အတွက်ဖြစ်တာပါ ။
ဝမ်းချုပ်တဲ့ အလေ့အကျင့် ရှိတဲ့သူတွေ ၊ ကြာရှည်စွာ မတ်တပ်ရပ်နေရသူများ ၊ အထိုင်များသူများ ၊ အဝလွန်တဲ့ သူတွေ ၊
ကိုယ်ဝန်ဆောင်မိခင်တွေမှာ ဖြစ်တက်ပါတယ် ။
တခြားအကြောင်းကြောင့်ဖြစ်တက်တာလဲ ဖြစ်ပါသေးတယ် ။

တွေ့ရတက်တဲ့ ရောဂါလက္ခဏာတွေကတော့ ဝမ်းသွားတဲ့ အခါ စအိုကနေ သွေးကျလာတာပါပဲ ။ ဝမ်းသွားပြီးတဲ့ အခါ
အိမ်သာအိုးမှာပဲဖြစ်ဖြစ် ၊ စက္ကူမှာပဲဖြစ်ဖြစ် သတိထားမိနိုင်ပါတယ် ။ ဝမ်းသွားပြီးရင်လဲ ကုန်တယ်လို့ မခံစားရပဲ စအိုဝမှာတစ်ဆို့တစ်ဆို့
နဲ့ ခံစားရတက်ပါတယ် ။

လိပ်ခေါင်းကို အကြမ်းဖျင်းအားဖြင့် အတွင်းလိပ်ခေါင်း နဲ့ အပြင်လိပ်ခေါင်း ( External & Internal Hemorrhoid ) ဆိုပြီး ၂ မျိုးခွဲထားနိုင်ပါတယ် ။
အပြင်လိပ်ခေါင်းကတော့ စအိုအဝမှာဖြစ်တာဖြစ်ပြီး စအိုအဝမှာ ယားယံတာ ၊ ရောင်တာတွေဖြစ်တက်ပါတယ် ။
အတွင်းလိပ်ခေါင်းကတော့ စအိုအတွင်းပိုင်းမှာဖြစ်တာဖြစ်ပြီး မနာကျင်တက်ပဲ လူနာတွေကိုယ်တိုင် သတိမထားမိတက်ကြပါဘူး ။
လိပ်ခေါင်းကို မကုပဲထားမယ်ဆိုရင် စအိုအပြင်ဘက်ကို ကျွံကျလာနိုင်ပါတယ် ( prolapase pile ) နောက်ဆက်တွဲ ပြဿနာတွေဖြစ်တဲ့ လိပ်ခေါင်းအဖုအတွင်း သွေးခဲခြင်း ( thrombosed hemorrhoid ) နဲ့ သွေးလည်ပတ်မှုနည်းလို့ လိပ်ခေါင်းအဖု ပုပ်သွားခြင်း ( strangulated hemorrhoid )တို့ ဖြစ်သွားနိုင်ပါတယ် ။
အဲဒီကနေ ခန္ဓာကိုယ်ရဲ့ တခြားနေရာတွေကို ရောဂါပိုးဝင်သွားနိုင်ပါတယ် ။

ရောဂါအနေအရင်ပေါ်မူတည်ပြီးတော့ အဆင့် ၄ ဆင့် ခွဲခြားနိုင်ပါတယ် ။
Grade 1 ဝမ်းသွားတဲ့ အခါသွေးပါလာတာပဲရှိပါမယ် ။
Grade 2 ဝမ်းသွားတဲ့ အခါ စအိုဝကနေ အဖုထွက်လာပါမယ် ။ ဝမ်းသွားပြီးရင်ချက်ခြင်းပြန်ဝင်သွားပါမယ် ။
Grade 3 ဝမ်းသွားတဲ့ အခါ ဝမ်းသွားတဲ့ အခါ စအိုဝကနေ အဖုထွက်လာပါမယ် ။
သူ့ဘာသာသူပြန်မဝင်တော့ပါဘူး ။ လက်နဲ့ပြန်သွင်းပေးရပါမယ် ။
Grade 4 လိပ်ခေါင်းအဖုက စအိုအပြင်ဖက်ကိုထွက်နေပြီး ပြန်သွင်းလို့မရတော့ပါဘူး ။

ကျနော်တို့ ရောဂါဖြစ်လာပြီဆိုဘာလုပ်ကြမလဲ ...။
ဒါတွေကိုလိုက်နာရပါမယ် ။
ရောဂါနစဉ်မှာ
ဝမ်းချုပ်မခံပါနင့် ၊ ဝမ်းမချုပ်အောင်နေပါ ။
လိုအပ်ပါက ဝမ်းပျော့ဆေး အနည်းငယ် အသုံးပြုနိုင်ပါတယ် ။
ပုံမှန် အိမ်သာတက်သောအကျင့် ကိုလုပ်ပါ ။
အိမ်သာထဲမှာ အကြာကြီးမထိုင်ပါနဲ့ ။ ဖြစ်နိုင်လျှင် ဘိုထိုင် အိမ်သာကို အသုံးပြုပါ ။
ရေများများသောက်ပါ ။
အမျှင်ပါတဲ့ အသီးအရွက်များများစားပါ ။
ကြာရှည်စွာ မတ်တပ်ရပ်ခြင်း ၊ ထိုင်ခြင်း မလုပ်ပါနဲ့ ။

အများစုကတော့ ဒါတွေကို လိုက်နာလိုက်ရင် သက်သာသွားကြပါတယ် ။
တကယ်လို့ ရောဂါနည်းနည်းရင့်လို့ရှိရင်တော့ ကုသမယ့် ဆရာဝန်က ရောဂါအခြေအနေပေါ်လိုက်ပြီး ကုသနည်းစနစ်ကို ရွေးချယ်ပါလိမ့်မယ် ။

ကုသနည်းတချို့ကို ဗဟုသုတအနေနဲ့ ကျနော် အကြမ်းဖျင်းပြောပြပါမယ် ။
သွေးကြောနံရံတွေရဲ့ ညစ်အား (blood vessel's wall tone ) ကိုတက်စေမယ့် ဆေးတွေပေးလို့ရပါတယ် ။
ကျနော်တို့ ရပ်ကွက်ထဲမှာကြားဖူးတာကတော့ သားရေပင်ပစ်တာပေါ့ ။ ( Rubber Band Ligation ) တကယ်တော့ အဲဒါက လိပ်ခေါင်းအဖုရဲ့ အညှာကို သားရေပင်နဲ့ စီးထားလိုက်တာပါ ။ လိပ်ခေါင်းအဖုက ခြောက်ပြီးသူ့ဘာသာသူကြွေကျသွားပါတယ် ။
Sclerotherapy လို့ခေါ်တဲ့ လိပ်ခေါင်းအဖုကသွေးကြောထုံးထဲကို ထိုးထဲ့ပြီး အဖုကို ရှုံ့ကပ်သွားစေတဲ့နည်း ၊ Cryotherapy , Laser , Infrared or BICAP Coagulation စသည်ဖြင့် ကုသနည်းမျိုးစုံရှိပါတယ် ။
ရောဂါရင့်နေရင်တော့ Hemorrhoidectomy လို့ ခေါ်တဲ့ လိပ်ခေါင်းသွေးကြောထုံးကိုခွဲစိတ်ပြီး ဖြတ်တောက်ပေးရပါမယ် ။

စအိုဝက ဝမ်းသွားရင် သွေးပါတဲ့တာ လိပ်ခေါင်းတစ်ခုတည်းမှ မဟုတ်ပါဘူး ။ တခြားရောဂါတွေလဲဖြစ်နိုင်ပါသေးတယ် ။
ကျနော်တို့အနေနဲ့ လိပ်ခေါင်းမဖြစ်အောင်ဘာတွေရှောင်ရှားရမယ် ၊ ကြုံလာခဲ့လို့ရှိရင်လဲ ဘာလိုဆင်ခြင်နေထိုင်ရမယ်ဆိုတာကို အခုဆိုသိသွားလောက်ပါပြီ ။
ရောဂါတစ်ခုဖြစ်လာလို့ ရှက်လို့ ဒီအတိုင်းခံစားနေမယ့်အစား ရောဂါမဆိုးခင် တက်ကျွမ်းတဲ့ ကျန်းမာရေးဝန်ထမ်းတွေနဲ့ ပြသတိုင်ပင်ပြီး အချိန်မှီကုသမှုခံယူရင်း ကျန်းမာပျော်ရွှင်တဲ့ ဘဝမျိုးပိုင်ဆိုင်ကြပါစို့လို့ ဒီနေရာကတိုက်တွန်းလိုက်ရပါတယ် ။

လိပ်ခေါင်းပုံတွေကို့ **ဒီနေရာ** မှာ သွားကြည့်နိုင်ပါတယ် ။
ဒီစာမျက်နှာမှာ မဖော်ပြထားပါဘူး ။

This Article doesn't intend for reference purposes , Just for Health Knowledge.